


# [၆] လကျော်ကြာသည်အထိ တရားမျှတမှုကင်းမဲ့သော ယင်းမာပင်ခရိုင် တပ်ရင်း [၂၀] အတွင်း မုဒိန်းမှုနှင့် စပ်လျဉ်း၍ အင်အားစု [၁၇၂] ခု ပူးပေါင်းထုတ်ပြန်ကြေညာချက်

## (၆) လကျော်ကြာသည်အထိ တရားမျှတမှုကင်းမဲ့သော ယင်းမာပင်ခရိုင် တပ်ရင်း (၂၀) အတွင်း မုဒိန်းမှုနှင့် စပ်လျဉ်း၍ အင်အားစု (၁၇၂) စု စုပေါင်း ထုတ်ပြန်ကြေညာချက်

(၂ ဇူလိုင်၊ ၂၀၂၆)

### (၁) နောက်ခံ အကျဉ်း

၂၀၂၅၊ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ယင်းမာပင်ခရိုင် တပ်ရင်း (၂၀) အတွင်း တာဝန်ထမ်းဆောင်နေသော အမျိုးသမီးရဲဘော်တဦး ကျူးလွန်ခံခဲ့ရသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် ထိထိရောက်ရောက် အရေးယူရန် အဖွဲ့အစည်း (၁၅၈) ဖွဲ့ ပူးတွဲသဘောထား ထုတ်ပြန်ခဲ့သည်။

မတ်လ ၁၁ ရက်နေ့တွင် တပ်ရင်းမှူးအပါအဝင် သံသယရှိသူများကို ဖမ်းဆီးစစ်ဆေးနေကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။ မတ်လ ၁၃ ရက်နေ့တွင် နစ်နာသူအား စုံစမ်းစစ်ဆေးရေးခုံရုံးသို့ တပတ်အတွင်း လူကိုယ်တိုင်လာရောက်ရန် ဆင့်ခေါ်စာကို "စုံစမ်းစစ်ဆေးရေးခုံရုံး၊ စစ်ရေးဌာန ပြည်သူ့ကာကွယ်ရေးတပ်မတော် စစ်ရုံးချုပ်"က တိုက်ရိုက်မဟုတ်ဘဲ နစ်နာသူ၏ ဖခင်နှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသူ အင်းတော် စစ်ဒေသ တာဝန်ရှိသူတဦးမှ ပေးပို့ခဲ့ကြောင်း ကြားသိရသည်။

နစ်နာသူရဲဘော်သည် "ပထမအကြိမ်စုံစမ်းစစ်ဆေးရန်ဆိုပြီး တပ်ရင်းမှူးအပါအဝင် တပ်သားများ၏ ဝိုင်းဝန်းရိုက်နှက်မှုကို ခံခဲ့ရသည့် အတွေ့အကြုံကြောင့်" ရရှိသော စိတ်မလုံခြုံမှု အပါအဝင် အခြား လုံခြုံရေး၊ ကိုယ်/စိတ်ကျန်းမာရေး အခြေအနေများအရ ကိုယ်တိုင်တက်ရောက်ရန် အဆင်မပြေသဖြင့် Zoom မှ တဆင့်အစစ်ဆေးခံမည်ဟု ဆင့်ခေါ်စာပေးပို့သူမှတဆင့် ပြန်လည်အကြောင်းကြားစာပေးပို့ခဲ့သည်။ သို့ရာတွင် ဆင့်ခေါ်စာပေးပို့သူမှာ "ခုံရုံးသို့ ပြန်လည်အကြောင်းပြန်ပေးရန်တာဝန်မရှိ" ဟု ဆိုကာ အကြောင်းပြန်စာကို လက်မခံခဲ့ပေ။

အဆိုပါ စာတစောင် ပေးပို့ပြီးသည်မှစ၍ ဇွန်လ ၂၀၊ ၂၀၂၆ ထိလည်း စုံစမ်းစစ်ဆေးရေးခုံရုံးဘက်မှ နစ်နာသူအား ဆက်သွယ်ခြင်း လုံးဝမရှိသလို သံသယတရားခံများနှင့်ပက်သက်သည့် နောက်ဆက်တွဲ ထုတ်ပြန်ချက် တစုံတရာ ထုတ်ပြန်ခြင်းလည်း မရှိသေးပါ။ နစ်နာသူအား ကူညီနေသည့် တော်လှန်ရေး ရဲဘော်များမှ အဆင့်ဆင့် ဆက်သွယ်မှသာ "စုံစမ်းစစ်ဆေးရေးခုံရုံးနှင့် တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်ပေးနိုင်ရန်လမ်းကြောင်းအား" ပြန်လည်ရရှိထားသည်ဟု ကြားသိရပါသည်။

## (၂) အားနည်းချက်များ

အမှုဖြစ်စဉ်အား လေ့လာရာတွင် သိသာထင်ရှားသည့် ကျူးလွန်သူဟု သံသယရှိသူများသည် ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ ကွပ်ကဲမှုအောက်ရှိသော တပ်ရင်းမှ ဖြစ်သည်။ သို့သော်လည်း ထိရောက်သည့် တိကျသည့် စုံစမ်းမှုထုတ်ပြန်ခြင်းများ၊ အရေးယူမှုများအား လုပ်ဆောင်ထားခြင်း မတွေ့ရပါ။

ထို့ပြင် အမျိုးသားညီညွတ်ရေးအစိုးရ၏ ထုတ်ပြန်ချက်တွင် မိမိတို့ အဖွဲ့ (၁၅၀) ကျော်နှင့် အများပြည်သူ၏ တောင်းဆိုချက်များအနက်မှ တခုဖြစ်သည့် "လူမျိုးဘာသာအခြေခံ ခွဲခြားမှု" အား လုံးဝ ထည့်သွင်းပြောကြားခြင်းမရှိသည်ကို အံ့သြ ဝမ်းနည်းဖွယ်ရာ တွေ့ရသည်။

အဆိုပါကိစ္စသည် ပြည်သူ့ကာကွယ်ရေးတပ်မတော်တွင် တာဝန်ထမ်းဆောင်နေသူတဦး၏ နစ်နာမှုအား မကာကွယ်ပေးခြင်းဖြစ်သည်။ ထို့ပြင် ယခုကဲ့သို့ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေးများတွင် အရေးကြီးသောကိစ္စအား လျစ်လျူရှုခြင်းမှာ လူထုအသံကို ပေါ်ပေါ်တင်တင်ပင် မျက်ကွယ်ပြုလိုက်ခြင်းဖြစ်သည်။

မိမိတို့၏ ကနဦးတောင်းဆိုချက် (၃) ချက်ရှိသည်။ အဆိုပါ (၃) ချက်လုံးအား အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်နှင့် ယင်းမာပင်ခရိုင် တပ်ရင်း (၂၀)အပါအဝင် သက်ဆိုင်ရာ အစုအဖွဲ့များအနေဖြင့် လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းထားခြင်းမရှိပါ။

အဆိုပါ အချက်များအနက် "နံပါတ် (၁) နစ်နာသူ အမျိုးသမီး၊ ၎င်း၏ အမျိုးသားနှင့် သမီးငယ်လေးတို့အား တပ်ရင်း၏ ဖိအားပေးမှုများမှ ကင်းလွတ်သော ဘေးကင်းရာနေရာသို့ အမြန်ဆုံး ရွှေ့ပြောင်းစောင့်ရှောက်ပေးရန်" ဆိုသည့် တောင်းဆိုချက်အား အမျိုးသမီးအဖွဲ့အစည်းအချို့၊ တော်လှန်ရေးအင်အားစုအချို့နှင့် တသီးပုဂ္ဂလ ကူညီသူများက စုပေါင်းဖြေရှင်းပြီးဖြစ်သည်။

အစိုးရတရပ်အနေဖြင့် အမှုဖြစ်စဉ်တခုကို မကိုင်တွယ်နိုင်ဘဲ ယခုကဲ့သို့ အားနည်းမှုများစွာ ပေါ်ပေါက်သည်မှာ တော်လှန်ရေးအား ယုံကြည်ပြီး၊ အမျိုးသားညီညွတ်ရေးအစိုးရအပေါ် ထောက်ခံသူ ပြည်သူများအား မလေးစားခြင်းဖြစ်သဖြင့် မိမိတို့ တာဝန်ယူရမည့်ကိစ္စရပ်များအား တာဝန်ယူရန်လိုအပ်ပါသည်။

## (၃) ထပ်မံ တောင်းဆိုခြင်း

မိမိတို့ အဖွဲ့အစည်းအများအနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်သူ့ကာကွယ်ရေးတပ်မတော် နှင့် ယင်းမာပင်ခရိုင် တပ်ရင်း (၂၀)အပါအဝင် သက်ဆိုင်ရာ အစုအဖွဲ့များအား "ကျန်ရှိသော တောင်းဆိုချက် (၂) ချက် အပါအဝင်ဖြစ်သော အောက်ပါအချက်များ" အပြည့်အဝ တာဝန်ယူပေးရန် တောင်းဆိုပါသည်။

က) တပ်ရင်းမှူး ရန်ရှင်းအောင်၊ မုဒိန်းမှုကျူးလွန်သူ အပါအဝင် အခြားကျူးလွန်သူများ၊ ပါဝင် ပတ်သက်သူများအားလုံးကို တော်လှန်ရေး အဖွဲ့အစည်းများ၏ တရားစီရင်ရေးစနစ်အရ အမြန်ဆုံး စုံစမ်းစစ်ဆေးပြီး အရေးယူပေးရန်။ လိုအပ်ပါက လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့/ကော်မရှင်မှ တဆင့် စုံစမ်းရန်။

ခ) အလားတူဖြစ်ရပ်များကို ထိရောက်စွာ အရေးမယူနိုင်ခဲ့သည့်အတွက် ယခုလို ဖြစ်စဉ်မျိုး ထပ်မံ ဖြစ်ပွားနေခြင်းဖြစ်ပြီး အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် တော်လှန်ရေးကာလ (၅) နှစ် အတွင်း ကျူးလွန်ခံခဲ့ရသော အမျိုးသမီးနှင့် ကလေးငယ်များအတွက် တရားမျှတမှု၊ အရေးယူမှု အမြန်ဆုံးဖော် ဆောင်ပေးပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးရေးမူဝါဒများနှင့် တော်လှန်ရေးအဖွဲ့ အစည်းများအတွင်း မည်သည့် ဘာသာဝင်၊ မည်သည့်လူမျိုးကိုမဆို ခွဲခြားဆက်ဆံခြင်းမပြုရေး မူဝါဒ များကို လက်တွေ့ကျကျ အကောင်အထည်ဖော်ရန်။

ဂ) တော်လှန်ရေးအတွင်းမှ လူမျိုးရေး၊ ဘာသာရေးအခြေခံခွဲခြားမှုဖြစ်စဉ်အား ထည့်သွင်းဖော်ပြရန်တို့ အား တောင်းဆိုလိုက်သည်။

တော်လှန်ရေးအင်အားစုများနှင့် အရပ်ဘက်အဖွဲ့အစည်း (၁၇၂) ဖွဲ့

ဆက်သွယ်ရန် -

မြန်မာ့အမျိုးသမီးသမဂ္ဂ(BWU): womenmedia.bwu@protonmail.com

သွေးစွန်းငွေဖြတ်တောက်ရေးလှုပ်ရှားမှု(BMC): bloodmoneycampaign21@protonmail.com

မြန်မာ(CRPH) အထောက်အကူပြုအဖွဲ့(နော်ဝေ): crph.norway@gmail.com

လက်မှတ်ထိုး ပါဝင်သည့် အင်အားစုများ -

1. ၅/ဧယျာတိုင်းသပိတ်ကော်မတီ
2. ကနီမြို့နယ် သပိတ်အင်အားစု
3. ကန့်ဘလူ သပိတ်ကော်မတီ
4. ကျန်းမာရေးမိသားစု-မန္တလေး (MFM)
5. ကလေးမြို့လူထုတိုက်ပွဲဦးဆောင်ကော်မတီ
6. ချောင်းဦးမြို့နယ်လူငယ်အင်အားစုသပိတ်ကော်မတီ
7. ဂန့်ဂေါဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (GGWDO)
8. စစ်အာဏာရှင်ဆန့်ကျင်ရေး ရန်ကုန်အင်အားစု (AJAY)
9. ဆေးတက္ကသိုလ်-မန္တလေး ကျောင်းသားသမဂ္ဂတော်လှန်ရေးတပ်ဦး (UMM-SURF)
10. တကသကျောင်းသားဟောင်းများအင်အားစု
11. တိုင်းရင်းသားလူငယ်များအထွေထွေသပိတ်ကော်မတီ (မန္တလေး)
12. ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဒတကသ)
13. ဒို့မြေကွန်ရက် (LIOH)
14. ဒို့မြေပြည်သူ့အကျိုးပြုအဖွဲ့ (တွံတေး)
15. နွေဦးတော်လှန်ရေး ဘာသာပေါင်းစုံကွန်ရက်(SRIN)
16. နွေဦးတော်လှန်ရေး မြန်မာမွတ်စ်လင်မ် ကွန်ရက်(SRMMN)
17. နွေဦးတမာန် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့
18. နားဆင်သူများအဖွဲ့
19. နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS)
20. ပညာရေးအထွေထွေသပိတ်ကော်မတီ (GSCBHE)
21. ပြည်သူ့သပိတ်အင်အားစု
22. ပွင့်ဖြူဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ပွင့်ဖြူ။ (PDO)
23. ပွင့်ဖြူလယ်ယာမြေကွန်ရက်
24. ပုလဲလူထုသပိတ်တိုက်ပွဲဦးဆောင်ကော်မတီ
25. ဖားကန့် - မော်လည့်သပိတ်စစ်ကြောင်း

26. ဘုတလင်မြို့နယ် သပိတ်အင်အားစု

27. မကွေးတက္ကသိုလ်ကျောင်းသားသမဂ္ဂ (မကတကသ)

28. မကွေးလူထုတိုက်ပွဲကော်မတီ

29. မင်းဘူးတောင်သူများအစုအဖွဲ့

30. မင်းလှတောင်သူများအစုအဖွဲ့

31. မန္တလေးသပိတ်အင်အားစု (MSF)

32. မြင်းခြံသပိတ်ကော်မတီ

33. မြစ်ရေစီးသံ

34. မြန်မာနိုင်ငံအလုပ်သမားတပ်ပေါင်းစု (MLA)

35. မြောင်မြို့နယ်လူထုသပိတ်တိုက်ပွဲဦးဆောင်ကော်မတီ

36. မြောင်လူငယ်များကွန်ရက်

37. မုံရွာ အမြင့်လမ်း သပိတ်ဦးဆောင်ကော်မတီ

38. မုံရွာလူထုသပိတ်တိုက်ပွဲဦးဆောင်ကော်မတီ

39. မေမြို့ပင်မအထွေထွေသပိတ်အင်အားစု

40. ယင်းမာပင်-ဆားလင်းကြီး ရွာပေါင်းစုံသပိတ်

41. ရတနာပုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ(ရ.တ.က.သ)

42. ရွှေဘိုလူထုသပိတ်တိုက်ပွဲကော်မတီ

43. လက်ပံတောင်းတောင်ဒေသ အာဏာရှင်ဆန့်ကျင်ရေး သပိတ်အင်အားစု

44. လက်ပံတောင်းတောင်ပင်မသပိတ်

45. လိင်စိတ်ခံယူမှုကွဲပြားသူများ ကွန်ရက်

46. လူထုသတင်းအချက်အလက်စီးဆင်းမှုကွန်ရက် (CIN)

47. ဝက်လက်မြို့နယ် လူထုသပိတ်တိုက်ပွဲဦးဆောင်ကော်မတီ

48. သမိုင်းသယ်ဆောင်သူများ

49. အညာပစ်တိုင်းထောင်လေးများ

50. အထွေထွေသပိတ်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (GSCC)

51. အထွေထွေသပိတ်ပေါင်းစပ်ညှိနှိုင်းရေးအင်အားစု(GSCB)

52. အမျိုးသမီးမဟာမိတ်အင်အားစု (WAB)

53. အရာတော်မြို့နယ် လူထုသပိတ်ဦးဆောင်ကော်မတီ

54. အာဏာရှင်ဆန့်ကျင်ရေး ပြည်သူ့အင်အားများ ချိတ်ဆက်ညှိနှိုင်းရေးကော်မတီ-မန္တလေး (AFCC-Mandalay)

55. ဧရာဝတီမြစ်အနောက်ဖက်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ ငဖဲ။ (AWDO)

56. ဧရာဝတီမြစ်အနောက်ဖက်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊မကွေးတိုင်း။ (AWDO)

57. A New Burma

58. All Arakan Youth Organizations Network (AAYON)

59. All Burma Federation of Student Unions (ဗကသများအဖွဲ့ချုပ်)

60. All Burma Ulmas' Union (ABUU)

61. Arakan CSO Network

62. Arakan Youth Peace Network

63. ASR-ASSOCIATION of SPRING RAINBOW

64. Athan - Freedom of Expression Activist organization

65. Aung San Su Kyi Park, Norway,

66. AYEYAWADDY YOUTH NETWORK (AYN)

67. Blood Money Campaign (BMC)

68. Burma Human Rights Network (BHRN)

69. Burmese Muslim Association- UK

70. Burmese Women's Union (BWU)

71. Chin Community in Norway

72. Defend Myanmar Democracy

73. Democratic Party for a New Society - Norway

74. Equality Myanmar

75. Federal Myanmar Tourism Committee

76. Federal Myanmar Tourism Union

77. Free Rohingya Coalition (FRC)
78. Friends Against Dictatorship (FAD)
79. Generation Wave
80. Generations' Solidarity Coalition of Nationalities (GSCN)
81. HTOI Gender & Development Foundation
82. Human Rights Educators' Network (HREN)
83. India for Myanmar
84. Intifada
85. Justice and Equality Focus (JEF)
86. Kachin Association - Norway
87. Karenni National Women's Organization (KNWO)
88. K'cho Ethnic Association, Europe
89. Keng Tung Youth
90. Kyae Lak Myay
91. Kyauktada Strike Committee (KSC)
92. Loveurcontent Entertainment
93. MAGGA Initiative
94. Matu Burma Foundation
95. Mon Association - Norway
96. Mother's Embrace Foundation
97. Muslim of Myanmar Multi-Ethnic Consultative Committee - MMMCC
98. Mya Yar Knowledge Tree
99. Myanmar (CRPH) Support Group, Norway
100. Myanmar Baptist Churches in Norway
101. Myanmar Catholic Community in Norway

102. Myanmar FoRB Network

103. Myanmar Hindu Union, Norway

104. Myanmar Muslim Organization - Norway

105. Myanmar Muslim Revolution Force (MMRF)

106. Myanmar Prison Witness (MPW)

107. Myanmar Student Christian Movement - Magway

108. Network for Human Rights Documentation-Burma (ND-Burma)

109. New Myanmar Foundation

110. New Ramonya Federated Force (NRFF)

111. New Step Women Empowerment Group

112. NLD Organizing Committee- Norway

113. Norway Batu Community

114. Norway Rawang Community

115. Norway-Myanmar Democratic Forces

116. Olive Organization

117. Our Rights

118. People's Radio Myanmar

119. Political Prisoners Network Myanmar (PPNM)

120. Politics for Women Myanmar

121. Progressive Muslim Youth Association (PMYA)

122. Progressive Voice (PV)

123. Queers of Burma Alternative (QBA)

124. Rehmonnya Minorities Union

125. Rohingya Community in Norway

126. Shan MATA

127. Shield Women Organization (SWO)

128. Sisters2Sisters

129. Sitt Nyein Pann Foundation

130. Southern Initiative

131. Spring Revolution Myanmar Muslim Community (SRMMC)

132. Synergy-Social harmony organization

133. Tanintharyi Women's Political Alliance

134. The Ladies Organization

135. Volunteers in Myanmar

136. White Coat Society Yangon – WCSY

137. Women Advocacy Coalition Myanmar (WAC-M)

138. Women Lead Resource Center

139. Women's Organization of Political Prisoners (WOPP)

140. Women's Peace Network

141. Yain Nweh Par (Rainbow in The Storm - RIS)

142. Yangon Deaf Group

143. Youth Empowerment

144. Youth for Democratization of Myanmar (YDM)

145. Youth Scout For Democracy (YSD)

146. Zomi Christian Fellowship of Norway (ZCF-Norway)

147. Zomi Community Norway

နှင့်

လုံခြုံရေးအရ အမည်မဖော်သော အင်အားစု (၂၅) စု အပါအဝင်

အင်အားစု (၁၇၂) စု ပါဝင်တောင်းဆိုလိုက်သည်။